
Tae Ra
ချစ်စိတ်လေးတွေ မှုးမှုင်စေ
(ရှီလော့စန်း)
စာစဉ် – ၃၆

# အခန်း ၇၀၁

## ကျန်းချီဖေးအကြောင်းရှင်ဘယ်အချိန်က ရှာတွေ့သွားတာလဲ

"မဟုတ်ဘူး" လုခန်းက ပျာယာခတ်သွားလေ၏။

"မစ္စတာချန် ... ခင်ဗျား သိပ်မကောင်းဘူးနော် ချောင်ရှယ်အကြောင်း ဆိုးဆိုးရွားရွားတွေ ပြောခဲ့တော့ အဲ့မိန်းကလေးက အဲဒီအချိန်ကစပြီး ကျွန်တော့်ကို ရှောင်နေတော့တာပဲ။ အခု ဆရာက စိတ်ကောင်းဝင်တော့ ကျွန်တော်တို့ကို လိုက်ဖက်တဲ့စုံတွဲတွေလို့ ပြောနေပြန်ပြီ"

ချန်ကျွင်းထင်သည် သာမန်ကာလျှံကာပြောလိုက်လေ၏။

"ငါ အဲ့ဒီတုန်းက စိတ်ရှုးဖောက်နေလို့လေ ငါ့ရှေ့မှာ မင်းတို့နှစ်ယောက် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြတာကို မြင်နေရတာ ထိလွယ်ရှလွယ် ဖြစ်နေလို့"

လုခန်းက မျက်နှာရှုံ့မဲ့သွားလေ၏။

"ဘယ်တုန်းက ကျွန်တော်အဲ့လိုလုပ်လို့လဲ သူက ကျွန်တော့်အတွက် မတ်ခွက်တစ်ခွက် ဝယ်လာပေးရုံပဲ"

"သူက မင်းကို သူမရဲ့ လက်ဖက်ရည်ခွက်လို့ပြောနေတာလေ ... အဲဒါက ရှုံ့ဖို့ကောင်းတယ် မဟုတ်လား" ချန်ကျွင်းထင်က ပြောဆိုလိုက်၏။

လုခန်းက သူ့ကိုယ်သူဆက်ကာကွယ်ချင်စိတ်မရှိတော့ပေ။

လော့စန်းက ပြုံးလိုက်၏။ "စုက အခုသူ့ကောင်လေးနဲ့ပြတ်သွားပြီဆိုတော့ လက်ထောက်လုမှာ အခွင့်အရေးတစ်ခု ရပြီလို့ ကျွန်မထင်နေတာ

မဟုတ်တော့ဘူးနဲ့တူတယ်"

လုခန်းက မှင်တက်သွားလေ၏။ သူ၏မျက်ဝန်းထဲ၌ မျှော်လင့်ချက်များ ရှိနေပုံပေါ်လာလေ၏။

"စုက အခု တစ်ယောက်ထဲပဲလား"

"ဟုတ်တယ် ... သူတို့အခု အရင်ရက်ကမှ ပြတ်သွားတာ"

ရှန်ကျွင်းထင်က သူ့လက်ထောက်ကို ကြည့်ပြီးနောက် ဟန်ကျကျ ပြောလိုက်လေ၏။

"မင်းက တစ်ဖက်မှာ ချောင်ရွှယ်ကိုတွေးနေပြီး နောက်တစ်ဖက်မှကျ ယန်စုကိုစဉ်းစားနေတယ်။ မင်းက တကယ်စိတ်ပြောင်းလွယ်တဲ့သူပဲ"

"မဟုတ်ပါဘူး" လုခန်းက မတရားသလိုခံစားရပြီးဆက်ပြောလိုက်၏။

"ယန်စုက ကျောက်ထရံမှာ ပွင့်တဲ့ရှားပါးတဲ့ပန်းလေးတစ်ပွင့်လိုပဲ သူက ကျွန်တော် လက်လှမ်းမမှီနိုင်ဘူး ... ကျွန်တော့်ကိုတောင် သဘောမကျလောက်ဘူးလေ။ ချောင်ရွှယ်က ချစ်ဖို့ကောင်းတဲ့ အိမ်နီးချင်းမိန်းကလေးလိုပဲ ... ကျွန်တော့်ကို လက်ထပ်နိုင်တယ်။ ကျွန်တော်တို့လက်ကျန်ဘဝအတွက် လက်တွဲနိုင်တယ်။ သူက ကျွန်တော့်အတွက် ပိုသင့်တော်တယ်လို့ထင်တာပဲ"

"ငါ မသိဘူးလေ" ရှန်ကျွင်းထင်က မျက်မှောင်ကျုံ့ကာ လော့စန်း၏လက်များကို အမြန်ကိုင်လိုက်လေ၏။

"မင်း ကြိုက်တဲ့သူဆီကိုပဲ သွားသင့်တယ်ဆိုတာ ငါသိတယ် ... ဒီလိုမျိုးလိုက်ပြီး အီစီကလီ လုပ်မနေနဲ့"

"မစ္စတာရှန် ... လူတိုင်းက ခင်ဗျားလိုမျိုး ချစ်သူရည်းစားရနေတာမှမဟုတ်တာ" လုခန်းက သက်ပြင်းချလိုက်၏။

"ငါ့ရဲ့လက်ထောက်အနေနဲ့ မင်းက ယန်စုအတွက် လုံလောက်အောင် မကောင်းဘူးလို့ ဘယ်လိုများတွေးရတာလဲ ... မင်း အဲ့လိုစဉ်းစားနေတာကို ငါအတော် စိတ်ပျက်မိတယ်"

ချန်ကျွင်းထင်ကပြောလိုက်၏။

"မင်းက နှစ်ပေါင်းများစွာကြာ ငါ တန်ဖိုးထားရတဲ့လူတစ်ယောက်ပဲ ... မင်းရဲ့လုပ်ရည် ကိုင်ရည်နဲ့ အရည်အချင်းကို အသိအမှတ်ပြုတယ် ... မင်း အတော် များများရထားပြီးသား မဟုတ်ဘူးလား မင်းရဲ့နှစ်စဉ်လစာက လည်း ဒေါ်လာတစ်သန်းကျော်တယ် ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေလည်း လုပ်နေသေးတာ အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ဟင်းကောင်းကောင်းချက်နိုင်တာ အိမ်မှုကိစ္စလည်းလုပ်နိုင်တယ်။ အမျိုးသားတစ်ယောက်အနေနဲ့ မင်းကို အမှတ်ခုနစ်ဆယ်ပေးတာ ငါကတော့ အမှတ်တရာပေါ့"

လုခန်းသည် သူ၏ရတ်တရက်ပြောပြလာမှုကြောင့် ထိတ်လန့်လာ၏။ သူ၏သူဌေးသည် သူ့ကို ဤကဲ့သို့ချီးကျူးတာကို ယခင်က တခါမှမကြားဘူးပေ။

အမျိုးသားများသည် အဖေဖြစ်လာချိန်၌ ပြောင်းလဲသွားကြသည်ဟု လူအများပြောကြတာ အံ့သြစရာမရှိပေ။ သူက ကရုဏာတရား ပိုကြီးမားလာသည်။

"မစ္စတာချန် ဒါဆိုယန်စုကို လိုက်လို့ရမယ်လို့ထင်လား" လုခန်းက လောစန်းကို တစ်ချက် ခိုးကြည့်လိုက်ရာ သူမက ထိုအကြံကိုငြင်းဆန်မည့်ပုံမပေါ်ပေ။ သူကသက်ပြင်းချလိုက်၏။

"မစ္စရှီ ... ကျွန်တော့်လိုလူကို ယန်စုသဘောကျမယ်လို့ထင်လား"

"ကျွန်မ မသိဘူး။ တကယ်တော့ ခံစားချက်တွေနဲ့ပတ်သက်လာရင် တစ်ယောက်ချင်းစီပေါ် မူတည်နေတာလေ" လော့စန်းက ပြော၏။

"အမျိုးသမီးတွေက အမျိုးသားတွေကိုကြည့်တဲ့နေရာမှာ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးတွေ ဒါမှမဟုတ် ဘယ်လိုသွင်ပြင်လဲဆိုတာကို အမြဲတမ်းရှာနေမယ်လို့တော့မထင်ဘူး ... ကျွန်မတို့တွေက ကျွန်မတို့ကိုနွေးထွေးမှုတွေထောက်ပံ့ပေးနိုင်တဲ့ လူတွေကိုရှာနေရုံပဲလေ"

ချန်ကျွင်းထင်က ထပ်ထည့်ပြောလိုက်၏။ "ဘယ်လိုပဲ သူတို့က ငါ့လိုယောကျာ်းကိုရှာနေတာလေ မင်းက ငါ့လို ဖြစ်မလာနိုင်ပေမဲ့ ငါ့ဆီကနေအမြဲသင်ယူလို့ရတယ်"

"ဆရာ့ဆီကနေ သင်စရာအကြောင်းမရှိပါဘူး’ လော့စန်းက သူ့ဖာသာသူတွေးလိုက်၏။

စကားပြောပြီးနောက် လော့စန်းက ချန်ကျွင်းထင်ဖက်လှည့်မေးလိုက်သည်။ "ကျန်းချီဖေးအကြောင်း ရှင်ဘယ်လိုရှာတွေ့သွားလဲဆိုတာ ကျွန်မကိုမပြောသေးဘူးနော် ... အဲ့ဒီအကြောင်း ရှင့်ကိုဘယ်သူပြောပြတာလဲ"

ချန်ကျွင်းထင်က သူမကိုဘေးတိုက်ကြည့်ပြီးနောက် ကျေနပ်အားရသည့်ပုံဖြင့် ပြောလိုက်၏။

"အရင်တည်းက ရှာတွေ့တာ မင်းသရုပ်ဆောင်တာ ဆိုးလွန်းလို့ အတူလိုက်ပါ သရုပ်ဆောင်ပေးဖို့ ဆုံးဖြတ်လိုက်တာပဲ"

လော့စန်းက ကြက်သေသေသွားလေ၏။ သူ့ပြောကြားချက်က အတော်လေးရင်းနှီးနေသလိုပင် ...

ဒရမ်မာဆန်ဆန် လက်တွေ့မကျ ပြုမူတတ်တဲ့သူက ငါ့ရဲ့ သရုပ်ဆောင်ပုံကို ပြောရဲသေးတယ်ပေါ့။ သူမဖာသာတွေးလိုက်၏။

"ရှင့်ကို ထိခိုက်အောင်လို့ ချီရှန့်ရှီကို အသုံးချတဲ့အချိန်က ရှင်သိခဲ့လား" လော့စန်းက ဇဝေဇဝါဖြစ်သွား၏။

"ကျွန်မရဲ့ တိုက်ခန်းအောက်မှာရှင်ရပ်နေတဲ့အချိန်တုန်းက ရှင်သရုပ်ဆောင်နေတာလား"

...

***

# အခန်း ၇၀၂
## ကလေးယူအောင် ကျွန်မကိုလှည့်စားတာလား

"သေချာပေါက်ပေ့ါ" ချန်ကျွင်းထင် မျက်နှာသေဖြင့် ခေါင်းညိတ်လိုက်၏။

"မင်းဘာတွေးနေလဲဆိုတာ အကြည့်တစ်ချက်တည်းနဲ့ ပြောနိုင်တယ်"

ကားမောင်းနေသည့် လုခန်းမှာ တိတ်တဆိတ် မျက်ဆံလှန်မိလိုက်သည်။ ချန်ကျွင်းထင်တစ်ယောက် ထိုကဲ့သို့ပြောရလောက်သည်အထိ အရှက်ကင်းမဲ့လွန်းနေသည်ဟု ခံစားနေရသည်။ သူ ထိုရက်များတုန်းက သိပ်ကို ကြေကွဲစိတ်ဓာတ်ကျနေခဲ့သည်လေ။

လော့စန်းလည်း စိတ်မပျော်မရွှင် ဖြစ်နေသည်။ သူ ရုတ်တရက် ထိုမျှ ဟန်ဆောင်ကောင်းလာရလဲ နားမလည်နိုင်တော့ပေ။

"ပြီးတော့ မင်း" ချန်ကျွင်းထင်က နှာမှုတ်သည်။

"ငါက ချဲ့ကားတာဖြစ်နိုင်လောက်တယ်လို့ မင်းပြောတယ်လေ၊ ဒါပေမဲ့ တကယ်တော့ မင်းကိုယ်မင်း ကြည့်သင့်တာ၊ ငါသာ မင်းနဲ့အလိုက်အထိုက် မလုပ်ပေးခဲ့ရင် ကျန်းချီဖေးသိသွားတာကြာလှပြီ"

"ရှင်..." လော့စန်း ချက်ချင်း သဘောပေါက်သွားသည်။

"စုက ရှင့်ကိုပြောပြလိုက်တာပဲ" သူမ အံကြိတ်ရင်း ဒေါသတကြီးပြောလိုက်သည်။

"ဘယ်လိုလုပ် သူအဲလိုလုပ်နိုင်ရတာလဲ၊ မပြောပြဘူးလို့ ကျွန်မကို ကတိပေးထားရဲ့သားနဲ့"

"စိတ်အေးအေးထားပါ၊ ငါသူ့ကိုအတင်းမေးကြည့်တော့ ငါ့သရုပ်ဆောင်စွမ်းရည်ကို မင်းမယုံဘူးဆိုတဲ့အကြောင်း သိရခဲ့တာ" ချွန်ကျွင်းထင် မကြေမချမ်းဖြစ်သည့် အမူအရာဖြစ်နေသည်။ သူ ထိုကိစ္စနှင့်ပတ်သက်၍ အခဲမကျေနိုင်သေးပေ။

"ကံကောင်းချင်တော့ သူက အမှန်တိုင်းပြောလာတယ်လေ၊ မဟုတ်ရင် မင်းရည်ရွယ်ချက်အစစ်ကို သိခဲ့ရမှာမဟုတ်ဘူး၊ မသိခဲ့ရင် အမှန်တိုင်းပြောရရင်တော့ ငါ အတော်လေးစိတ်ပျက်မိမှာ၊ တစ်ယောက်က မင်းကို ခြိမ်းခြောက်တာကြောင့် ငါနဲ့လမ်းခွဲခဲ့တယ်တဲ့၊ မင်းမှာ ဘာအကြံပဲရှိရှိ မင်း ငါ့ကို မယုံတာကြောင့်မို့ လုပ်ခဲ့တာပဲ"

ထိုစကားကို ကြားတော့ လော့စန်း အနည်းငယ်အပြစ်ရှိသလို ခံစားလိုက်ရသည်။ သို့တိုင် ထိုခံစားချက်မှာ မြန်မြန်ပင် ပျောက်ကွယ်သွားခဲ့သည်။ သူ သူမအကြံကို တစ်လျှောက်လုံးသိနေခဲ့၍ ဘယ်တုန်းကမှ တကယ်မနာကျင်ခဲ့ရပေ။ တစ်ဖက်တွင်တော့ သူမမှာ သူတကယ် နာကျင်နေသည်ဟု တွေးမိပြီး ထိုအကြောင်းကြောင့် စားမဝင်အိပ်မပျော်ခဲ့ချေ။ သူမ ဝရန်တာပေါ် ပုန်းကာ သူ့ကိုငုံ့ကြည့်ရင်း ကြိတ်ငိုခဲ့ရသည်။ သို့သော်ငြား အဆုံးတွင်တော့ သူက ဟန်ဆောင်နေခြင်းသာဖြစ်နေ၏။

"ရှင်ကျတော့ရော၊ ကျွန်မကိုစောင့်ကြည့်နေတဲ့လူတွေကို ရှင် ရှင်းထုတ်ပစ်လိုက်တာကြာပြီလို့ အခုလေးတင်ပြောခဲ့တာနော်၊ ဒါဆို ဘာကြောင့် အမှန်ကို မသိချင်ယောင်ဆောင်နေသေးတာလဲ၊ ရှင် ခိုးကြောင်ခိုးဝှက်နဲ့ အဲကိုယ်ဝန်စာချုပ်ကို ကျွန်မနဲ့ချုပ်ခဲ့တာလေ၊ ဘာလို့အဲလိုလုပ်ခဲ့ရတာလဲ၊ ကလေးယူအောင် ကျွန်မကိုလှည့်စားတာလား"

သူမ စဉ်းစားလေ ပိုထူးဆန်းလာလေပင်။

"သဘောပေါက်ပြီ၊ ကျွန်မ မနာလိုဖြစ်အောင် ရှင် အန်းလန်နဲ့တမင်

တက်သက်ရှိနေခဲ့တာ မဟုတ်လား၊ ကျွန်မ အရမ်းကိုမနာလိုဖြစ်ပြီး ဝမ်းနည်းနေချိန် ရှင်က အဲစာချုပ်နဲ့ပေါ်လာတယ်၊ ရှင် ကျွန်မကို ထားမသွားအောင် ကျွန်မက စာချုပ်ကို သေချာပေါက်ချုပ်မှာလေ၊ ရှင်က တကယ် ကောက်ကျစ်လွန်းတာပဲ၊ ကျွန်မသာ ဒီအချိန် ကိုယ်ဝန်ရှိမနေရင် ရှင် ကျွန်မကို အမှန်ပြောပြမှာမဟုတ်ဘူး"

"ဟုတ်တယ်လေ၊ အဲတော့ဘာဖြစ်လဲ" ထိုအခိုက်အတန့်တွင် ချန်ကျွင်းထင်တွင် ဆက်ဟန်ဆောင်နေရန် အကြောင်းရင်းမရှိတော့ပေ။ သူက အနိုင်ရသူပမယ မော်ကြွားစွာ မေးငေါ့ပြီး ပြောတော့သည်။

"အစတည်းက မင်းက ငါ့ကိုပြန်ရအောင် ကလေးယူဖို့ကြံနေတာပဲမဟုတ်လား၊ မင်းဆုတောင်းလေးကို ဖြည့်ပေးရုံပဲ"

သူ့မျက်နှာကိုကြည့်ရင်း လော့စန်း သူ့ကို အတော်လေးပိတ်ထိုးချင်နေမိသည်။ ညှပ်ဖိနပ်တစ်ရုံနှင့် သေလုနီးပါးရိုက်ပင်ချင်စိတ်ပင် ပေါက်နေ၏။

တကယ့်ကို ခွေးကောင်!

သူ လိုချင်သည့်အရာရ၍ မော်ကြွားလွန်းနေသည်။ ပြီးတော့ ယန်စုကရောဘာကြောင့် သူမ၏ လျှို့ဝှက်ချက်လေးများအားလုံးကို ဖော်လိုက်ရသည်လဲ။ သူမ ပိုပြီးဂရုတစိုက် သူငယ်ချင်းလုပ်ခဲ့သင့်၏။

"ကောင်းပြီလေ၊ သဘောပေါက်ပြီ" လော့စန်း အသက်ဝဝရှူလိုက်သည်။

"ကျွန်မ ကလေးယူမယ်၊ ဒါပေမဲ့ ကျွန်မအပိုင်၊ ကျွန်မတစ်ယောက်တည်းရဲ့အပိုင်ပဲ၊ ရှင်နဲ့ဘာမှမဆိုင်ဘူး"

"ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ၊ တစ်ချိန်တည်းမှာပဲ မင်း မျိုးဥနဲ့သုတ်ပိုးကို ထုတ်နိုင်လို့လား" ချန်ကျွင်းထင် သူမပြောသည်ကိုဂရုမစိုက်ချေ။ ဒေါသပေါက်ကွဲနေသည့် ကလေးမတစ်ယောက်အနေနှင့်သာမြင်၏။

"ကျွန်မသားအိမ်ထဲရှိနေတာ၊ အဲတော့ ကျွန်မ မွေးမမွေး ရွေးလို့ရတယ်" လော့စန်း အံကြိတ်ကာ ဒေါသတကြီးပြောလိုက်သည်။

ချန်ကျွင်းထင်မျက်မှောင်ကြုတ်ကာ ရုတ်တရက် အင်မတန်သုန်မှုန်သွားသည်။

"ငါတို့မင်းသမီးလေးက သိပ်ချစ်စရာကောင်းမှာကို၊ ဘယ်လိုလုပ် မင်းအဲလိုပြောနိုင်ရတာလဲ၊ မင်းဗိုက်ထဲကနေ သူသာကြားရင် ဝမ်းနည်းနေတော့မှာပဲ၊ သူ့အနေက သူ့ကိုလိုတောင်မလိုချင်ဘူးတဲ့၊ ဒါ စိတ်ထိခိုက်စရာကောင်းလွန်းတယ်"

လော့စန်း သူ့စကားများကြားပြီးနောက် ခဏမျှ တုံ့ဆိုင်းသွားသည်။ သို့သော်ငြား သူမ ပိုပြီး မကျေမချမ်းဖြစ်မိသည်။ သူ သူမကိုချောင်ပိတ်ထား၏။ သူမ ထိုဒေါသထွက်သော စကားလုံးများကိုပြောခဲ့ရခြင်းမှာ မပျော်မရွှင်ဖြစ်နေ၍ပင်။

...

***